www.dhammaransi.com

မိရုံ ဝိဇ္ဇတ သမ္ဘဝမျှ

D. P. P. S

# အလှူဒါနအမျိုးမျိုး
# နှင့်
# အကျိုးကျေးဇူးများ

သာသနာရေးဝန်ကြီးဌာန
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

သာသနာ-၂၅၄၁ ကောဇာ-၁၃၅၉ ခရစ်-၁၉၉၈

J

www.dhammaransi.com

၂၄၀.၅၁

# အလှူဒါနအမျိုးမျိုး

# နှင့်

# အကျိုးကျေးဇူးများ

| | | |
|---|---|---|
| ခုနှစ် | - | ၁၉၉၈ ခုနှစ် |
| အကြိမ် | - | ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀၀ |
| ထုတ်ဝေသူ | - | ဦးထင်မျိုး (ညွှန်ကြားရေးမှူး)<br>သာသနာရေးဝန်ကြီးဌာန<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန<br>မှတ်ပုံတင်အမှတ် - ၁၁ / ၉၄ (၁) က<br>ထုတ်ဝေသည်။ |
| စာစီ | - | သာထွန်းပြန့်ကွန်ပျူတာ |

www.dhammaransi.com



# မာတိကာ

## နိဒါန်း

## အပိုင်း (၂)

## အလှူဒါနအကြောင်းသိကောင်းစရာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁ | အလှူ၏ သဘောတရား | --- | ၇ |
| ၂ | အလှူလက္ခဏာ | --- | ၈ |
| ၃ | အလှူနှင့် စွန့်ကြဲမှု (ဒါနနှင့် စာဂ) | --- | ၉ |
| ၄ | အလှူအမျိုးအစားများ | --- | ၉ |
| ၅ | သုတ္တန်ဒေသနာနည်းအရ ဒါန(၁၀)မျိုး | --- | ၁၀ |
| ၆ | ဝိနည်းဒေသနာနည်းအရ ဒါန(၄)မျိုး | --- | ၁၀ |
| ၇ | အဘိဓမ္မာဒေသနာနည်းအရ ဒါန(၆)မျိုး | --- | ၁၁ |
| ၈ | သူတော်ကောင်းအလှူ(၅)မျိုးနှင့် အကျိုးများ | --- | ၁၁ |
| ၉ | အလှူယုတ် (၅)မျိုးနှင့် အကျိုးများ | --- | ၁၂ |
| ၁၀ | အချိန်အခါ (ကာလ)ဒါန(၅)မျိုးနှင့်အကျိုးများ | --- | ၁၃ |
| ၁၁ | သံဃိကအလှူ (၇)မျိုး | --- | ၁၃ |
| ၁၂ | သူတော်ကောင်းအလှူ (၈)မျိုး | --- | ၁၄ |
| ၁၃ | မသူတော်အလှူ (၇)မျိုး | --- | ၁၄ |
| ၁၄ | မကောင်းမှုအလှူ (၅)မျိုး | --- | ၁၅ |
| ၁၅ | အလှူခံတစ်ကျိပ်လေးယောက် | --- | ၁၅ |
| ၁၆ | အလှူခံတစ်ကျိပ်လေး ပေးလှူအကျိုး | --- | ၁၆ |

www.dhammaransi.com

## အလှူဒါနအမျိုးမျိုးနှင့် အကျိုးဆွေးနွေးများ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- | --- |
| ၁၇ | အလှူ၏ မျက်မှောက်အကျိုးပေးခြင်း အကြောင်းတရား (၄)ပါး | --- | ၁၇ |
| ၁၈ | အသက်ရှည်အလှူ (၅)မျိုး | --- | ၁၇ |
| ၁၉ | အလှူအာနုဘော်ကြီးကြောင်း (၅)ပါး | --- | ၁၇ |
| ၂၀ | အလှူပေးသူ၏ မျက်မှောက်အကျိုး (၅)ပါး | --- | ၁၈ |
| ၂၁ | အလှူစင်ကြယ်ခြင်း (၄)ပါး | --- | ၁၈ |
| ၂၂ | အလှူပြုနည်း (၄)ပါး | --- | ၁၉ |
| ၂၃ | အလှူအင်္ဂါ (၆)ပါး | --- | ၁၉ |


## အပိုင်း (၂)

## လှူဖွယ်ပစ္စည်းအမျိုးမျိုးနှင့် အကျိုးဆွေးနွေးများ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- | --- |
| ၁ | ပုံ့သကူသင်္ကန်းလှူအကျိုး | --- | ၂၀ |
| ၂ | ကထိန်သင်္ကန်းလှူအကျိုး | --- | ၂၀ |
| ၃ | ဝါဆိုသင်္ကန်းလှူအကျိုး | --- | ၂၁ |
| ၄ | ဆွမ်းလှူအကျိုး | --- | ၂၂ |
| ၅ | ကျောင်းဆောက်လှူအကျိုး | --- | ၂၂ |
| ၆ | သံဃိကကျောင်းလှူအကျိုး | --- | ၂၂ |
| ၇ | ဆေးလှူအကျိုး | --- | ၂၄ |
| ၈ | ပုံ့သကူအဝတ်ပုဆိုးလှူအကျိုး | --- | ၂၄ |
| ၉ | အဝတ်ပုဆိုးလှူအကျိုး | --- | ၂၅ |
| ၁၀ | ထီးလှူအကျိုး | --- | ၂၅ |
| ၁၁ | အင်းပျဉ်လှူအကျိုး | --- | ၂၆ |

www.dhammaransi.com



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သပိတ်လှူအကျိုး | --- ၂၆ |
| အပ်လှူအကျိုး | --- ၂၇ |
| ပဲကွပ်လှူအကျိုး | --- ၂၇ |
| ဓါးလှူအကျိုး | --- ၂၈ |
| လက်သည်းလှီးဓါးလှူအကျိုး | --- ၂၈ |
| နှီးယပ်၊ ထန်းရွက်ယပ်လှူအကျိုး | --- ၂၈ |
| ဓမ္မကရိုဏ်ရေစစ်လှူအကျိုး | --- ၂၉ |
| ဆီကျဉ်တောက်၊ ဆီးဘူးလှူအကျိုး | --- ၂၉ |
| အပ်ချည်လှူအကျိုး | --- ၂၉ |
| ခါးပန်းကြိုးလှူအကျိုး | --- ၂၉ |
| သပိတ်ခြေလှူအကျိုး | --- ၃၀ |
| သောက်ရေအိုး အသုံးအဆောင်လှူအကျိုး | --- ၃၀ |
| ခွက်လှူအကျိုး | --- ၃၁ |
| ဖိနပ်လှူအကျိုး | --- ၃၁ |
| ခြေနင်းလှူအကျိုး | --- ၃၁ |
| ရေသုတ်ပုဝါလှူအကျိုး | --- ၃၁ |
| တောင်ဝှေးလှူအကျိုး | --- ၃၂ |
| မျက်စဉ်းဆေးလှူအကျိုး | --- ၃၂ |
| အာရောကပတ်လှူအကျိုး | --- ၃၂ |
| ခေါင်းအုံးလှူအကျိုး | --- ၃၃ |
| နှာနှပ်တံလှူအကျိုး | --- ၃၃ |
| ခြေဆေးအင်ပျဉ်လှူအကျိုး | --- ၃၄ |
| ခြေနယ်ဆီလှူအကျိုး | --- ၃၄ |
| ထောပတ်ဆီလှူအကျိုး | --- ၃၄ |
| ပျားရည်လှူအကျိုး | --- ၃၅ |
| နို့ဓမ်းလှူအကျိုး | --- ၃၅ |

www.dhammaransi.com

# အလှူဒါနအမျိုးမျိုးနှင့် အကျိုးကျေးဇူးများ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၈ | တံခွန်လှူအကျိုး | --- ၃၅ |
| ၃၉ | ညောင်စောင်းအင်းပျဉ်လှူအကျိုး | --- ၃၆ |
| ၄၀ | ဥဒေါင်းမြီးရပ်၊ သားမြီးယပ်လှူအကျိုး | --- ၃၆ |
| ၄၁ | သံကောက်လှူအကျိုး | --- ၃၆ |
| ၄၂ | အခိုးသောက်ကျည်လှူအကျိုး | --- ၃၇ |
| ၄၃ | မှိုအုံးလှူအကျိုး | --- ၃၇ |
| ၄၄ | ရေဘူးကရားလှူအကျိုး | --- ၃၇ |
| ၄၅ | လက်တန်ဆာလှူအကျိုး | --- ၃၇ |
| ၄၆ | ဘုံလှိုလှူအကျိုး | --- ၃၈ |
| ၄၇ | ဒန်ဘူလှူအကျိုး | --- ၃၈ |
| ၄၈ | ဆင်လှူအကျိုး | --- ၃၈ |
| ၄၉ | ရေလှူအကျိုး | --- ၃၉ |
| ၅၀ | ပဒေသာပင်လှူအကျိုး | --- ၃၉ |
| ၅၁ | မြင်းလှူအကျိုး | --- ၃၉ |
| ၅၂ | ဆီမီးလှူအကျိုး | --- ၄၀ |
| ၅၃ | ပန်းလှူအကျိုး | --- ၄၀ |
| ၅၄ | ကြိုးဆစ်လှူအကျိုး | --- ၄၀ |
| ၅၅ | စာရေးရန် ပေရွက်လှူအကျိုး | --- ၄၀ |
| ၅၆ | ပလ္လင်လှူအကျိုး | --- ၄၁ |
| ၅၇ | ခြေသုတ်ခုံလှူအကျိုး | --- ၄၁ |
| ၅၈ | ယပ်လှူအကျိုး | --- ၄၁ |
| ၅၉ | စကြိုလှူအကျိုး | --- ၄၁ |
| ၆၀ | ဗောဓိပင်စိုက်ပျိုးလှူအကျိုး | --- ၄၂ |
| ၆၁ | ညောင်ရေသွန်းလှူအကျိုး | --- ၄၂ |
| ၆၂ | စေတီဘုရားပျက်ပြုပြင်လှူအကျိုး | --- ၄၂ |
| ၆၃ | စေတီတော်ကို သုတ်သင်ရသည့်အကျိုး | --- ၄၃ |

www.dhammaransi.com




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၄ | ဘုရားရုပ်တု၌ ဆီမီးပူဇော်ရသည့်အကျိုး --- | ၄၄ |
| ၆၅ | ဘုရားရုပ်တု၌ ပန်းတောင်းဖြင့် ပူဇော်သည့်အကျိုး- | ၄၄ |
| ၆၆ | ဘုရားစေတီရုပ်တုတို့၌ ဆွမ်းတင်ရသည့်အကျိုး --- | ၄၅ |
| ၆၇ | ဘုရားရုပ်တု ထုလုပ်ပူဇော်သောအကျိုး --- | ၄၅ |
| ၆၈ | စာပေပိဋကတ်ရေးသားသောအကျိုး --- | ၄၇ |
| ၆၉ | တံမြက်လှည်းခြင်းအကျိုး --- | ၄၈ |
| ၇၀ | ကျမ်းကိုးစာရင်း --- | ၄၉ |

# နိဒါန်း

"လှူတတ်လျှင် မြတ်သည်" "အလှူပေးသူဌေးဖြစ်" ဟူသော စကားများ ရှိသည်။ အလှူဒါနဟူသမျှ အကျိုးပေးသည်ချည်း ဖြစ်သည်။ သို့သော် အကျိုးပေးပုံခြင်း မတူချေ။ အလှူခံပုဂ္ဂိုလ်၊ လှူဖွယ်ဝတ္ထု၊ အလှူရှင်၏ စိတ်စေတနာစသည်တို့ ကွဲပြားခြားနားသည်နှင့်အမျှ အကျိုးကျေးဇူး ကွဲပြားခြားနားကြသည်။ ညောင်စေ့လောက် လှူသော်လည်း ညောင်ပင်ကြီးလောက် အကျိုးရသည်။ ညောင်ပင်ကြီးလောက် လှူသော်လည်း ညောင်စေ့လောက်သာ အကျိုးရသည်ဟူသော စကားသည် အလှူရှင်စိတ်စေတနာ၊ လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်တို့ စင်ကြယ်မြင့်မြတ်မှတ်ကန်စေရန် ရည်ရွယ်ညွှန်းဆိုသော စကားဖြစ်သည်။ မျက်မှောက်ဘဝနှင့် တမလွန်တို့၌ ဒါနနှင့်တူသော အမှီအခိုကောင်း၊ အစောင့်အရှောက် ကောင်းဟူသည် မရှိချေ။ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် အလောင်းတော်ဘဝတွင် ပါရမီ ဖြည့်ကျင့်ရာ၌ ဒါနပါရမီကို ရှေးဦးစွာ ဆောက်တည်တော်မူခဲ့ပြီး ဘုရား ဖြစ်တော်မူသောအခါ ပါရမီဆယ်ပါးတွင် ဒါနပါရမီကို ဦးစွာဟောတော်မူခဲ့သည်။ ပါရမီ ဆယ်ပါးတွင် ဒါနပါရမီသည် ပြုရန်လွယ်ကူသည်။ များစွာသောလူတို့၌ ပြုကျင့်နိုင်သည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ကံ, ကံ၏အကျိုးကို ယုံကြည်သည့် အားလျော်စွာ အလှူရေစက်လက်နှင့်မကွာ လှူဒါန်းသည့် ဓလေ့ရှိပြီး ဖြစ်သည်။ ထို့ကြောင့်ပင် မိမိတို့ အလှူဒါန၏ အကျိုးပေးကို ထင်ထင်ရှားရှား သိမြင်၍ ပီတိသုခရရှိစေရန် အလို့ငှာ ဤအလှူဒါန အမျိုးမျိုးနှင့် အကျိုးကျေးဇူးများ စာအုပ်ကို ထုတ်ဝေရခြင်း ဖြစ်ပါသည်။

www.dhammaransi.com



# အပိုင်း (၁)

# အလှူ(ဒါန)အကြောင်းသိကောင်းစရာ

## အလှူ၏သဘောတရား

မြတ်စွာဘုရားသည် အလှူဒါနကို ဟောတော်မူရာ၌ မိမိ ပြုလုပ်သော အလှူဒါနကြောင့် သတ္တဝါတို့ သေကျေပျက်စီးမှု မရှိစေရန် ဟောတော်မူပါသည်။ အလှူအတန်းနှင့်ပတ်သက်၍ မလိုအပ်ပဲ ဗုံးပေါလအော လှူဒါန်းမှုမျိုးကိုလည်း အားပေးတော်မမူပေ၊ အလှူခံ ပုဂ္ဂိုလ်တို့သည် လိုအပ်သမျှ ပမာဏအထိသာလျှင် အလှူခံသင့်သည်ဟု ဟောတော်မူပါသည်။ မိမိအင်အားအလိုက် လေးပုံ တစ်ပုံလောက်သာ လှူဒါန်းရန် ဟောတော်မူပါသည်။ အလှူဒါနကြောင့် ဘဝပျက် နစ်နာသွားစေမည့် ပကာသနဒါနများကို လိုလားတော်မမူပေ။

အထူးသဖြင့် သာသနာတော်တွင် ထာဝရ အကျိုးရှိစေမည့် အလှူမျိုး မိမိသိတင်းသုံးရာကျောင်း၊ အာရာမ်မြို့ရွာ နယ်ပယ်နှင့် အမျိုးဘာသာသာသနာနှင့် လောကကြီးတစ်ခုလုံး အရှည်တည့်တံ့ ကောင်းကျိုး တိုးပွားစေမည့် ထာဝရဒါနမျိုးကို အားပေးတော်မူသည်။

အလှူဟူသည် နတ်ပြည်၏ စောင်းတန်းလှေခါးဖြစ်၍ မြတ်သော ရိက္ခာထုပ် ဖြစ်သည်။ ခရီးဖြောင့်တန်းဖြစ်သည်။ မြတ်သော မဂ် ဖိုလ် နိဗ္ဗာန်၏အကြောင်း ဖြစ်သည်။ အစိုးရခြင်းကို ဖြစ်စေတတ်၏။ စည်းစိမ်ချမ်းသာကို ပေးတတ်၏။ ချမ်းသာကို ပွားများစေတတ်၏။ မိမိကိုယ်ကို စောင်မတတ်၏။ မယဉ်ကျေးသူတို့ကို လည်း ယဉ်ကျေးစေတတ်၏။ အလုံးစုံသော အကျိုးကို ပြီးစေတတ်၏။ အမွန်မြတ်ဆုံး မင်္ဂလာ တစ်ပါးလည်းဖြစ်၏။

ကံ ကံ၏ အကျိုးကို သိမြင်ယုံကြည်ကာ စေတနာ သုံးတန် ပြည့်ဝစွာ လှူဒါန်းအပ်သော ဒါနသည် သံသရာအတွက် မိတ်ဆွေ ကောင်းကြီးဖြစ်သည်။

www.dhammaransi.com



## အလှူ၏အင်္ဂါလက္ခဏာများ

အလှူဒါနနှင့် ပတ်သက်လာလျှင် စေတနာသည် မပါမပြီး အရေးကြီးသည်။ စေတနာမရှိလျှင် မလှူဒါန်းနိုင်။ စေတနာရှိမှသာ လှူဒါန်းနိုင်သည်။ စေတနာဆိုရာမှာလည်း ပုဗ္ဗ၊ မုဥ္စ၊ အပရ ဟူ၍ သုံးမျိုးရှိသည်။

မလှူဒါန်းမီ ရှေ့အဖို့၌ လှူဖွယ်ပစ္စည်းများကို စုဆောင်း ရှာဖွေရာအခါမှစ၍ "ငါသည် လောကီ လောကုတ္တရာများစွာသော စည်းစိမ်တို့၏ အကြောင်းဖြစ်သော အနုဂါမိက (ဘဝစဉ်အကျ် လိုက်တတ်သော) အလှူကုသိုလ် ပြုရကောမည်" စသည်ဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေခြင်းသည် ပုဗ္ဗစေတနာမည်၏။

လှူဖွယ်ပစ္စည်းအစုစုကို အလှူခံပုဂ္ဂိုလ်လက်တွင် ထည့်၍ စွန့်လွှတ်လှူဒါန်းဆဲအခါ "အနှစ်သာရမရှိသော ပစ္စည်းဥစ္စာမှ အနှစ်သာရရှိသော ကုသိုလ်မျိုးစေ့ကို ထုတ်ယူနေပါတကား" ဟု စိတ်ကြည်လင် ရွှင်ပြစွာလှူဒါန်းမှုသည် မုဥ္စစေတနာမည်၏။

ပေးလှူပြီးနောက် "ငါသည် ပညာရှိတို့ ချီးမွမ်းအပ်သော လှူဒါန်းမှုကို ပြုလုပ်ခဲ့ရပေပြီ ကောင်းပေစွ" ဟု အဖန်ဖန် အထပ်ထပ် အောက်မေ့အမှတ်ရကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေခြင်းသည် အပရစေတနာမည်၏။

ထို့ပြင် အလှူဒါန အကျိုးကြီးမားထက်သန်ရေးအတွက် အလှူခံ ပုဂ္ဂိုလ်ဘက်ကလည်း အင်္ဂါလက္ခဏာများနှင့် ပြည့်စုံရန် အရေးကြီးပါသည်။ ရာဂ၊ ဒေါသ၊ မောဟကင်းရန် ကျင့်ကြံပြီး ကျင့်ဆဲဖြစ်တော်မူ ကြကုန်သော ပုဂ္ဂိုလ်မြတ်တို့မှာ အကောင်းဆုံးသော အလှူခံပုဂ္ဂိုလ် မြတ်များ ဖြစ်ကြသည်။ အခြားပုဂ္ဂိုလ်တို့မှာ သာမန်အလှူခံပုဂ္ဂိုလ်တို့သာ ဖြစ်ကြသည်။ ဤသို့လျှင် အလှူပေးသူနှင့် အလှူခံသူ နှစ်ဦးနှစ်ဘက် အင်္ဂါလက္ခဏာနှင့် ပြည့်စုံရန် လိုအပ်ပါသည်။

www.dhammaransi.com



## အလှူနှင့် စွန့်ကြဲမှု (ဒါနနှင့် စာဂ)

အနာဂတ်သံသရာတွင် ခံစားရမည့် အကျိုးကို မြော်မြင်၍ လှူဖွယ်ဝတ္ထုကို စွန့်လှူသည်ကား "ဒါန"မည်၏။ မျက်မှောက်ဘဝ အကျိုးကိုသာ မျှော်ခေါ်၍ မိမိ၏လက်အောက်ပုဂ္ဂိုလ်တို့အား ဆုလာဘ်ပစ္စည်းများကို ပေးစွန့်ကြဲခြင်း စသည်ကား "ပရိစ္စာဂ" မည်၏ဟူ၍ ဒါနနှင့်ပရိစ္စာဂအထူးကို ခွဲခြားဖွင့်ကြပေ၏။

ဒါနဟူသည်-

(၁) အလှူပေးပုဂ္ဂိုလ်၊

(၂) လှူလိုသောစေတနာ၊

(၃) လှူဖွယ်ဝတ္ထု၊

(၄) ထင်ရှားရှိနေသော အလှူခံပုဂ္ဂိုလ်၊

ဤအင်္ဂါလေးပါးရှိမှ ပြည့်စုံ၏။

မိမိပိုင်ပစ္စည်းကို သူတစ်ပါးအား လွှဲအပ်မှုကို ပေးလှူသည်ဟု ခေါ်၍ မိမိပိုင်ပစ္စည်းကို သိမ်းပိုက်လိုချင်နှစ်တ်သဘောထားကို ပယ်ရှားလိုက်လျှင် စွန့်သည်ဟု ခေါ်၏။ သို့သော် မည်သူမဆို မိမိပစ္စည်းကို သူတစ်ပါးအား ပေးကမ်းရာတွင် စွန့်လွှတ်ခြင်း ပရိစ္စာဂသဘော ရှေးဦးစွာဖြစ်စေ ပြီးမှ ပေးကမ်းခြင်း ဖြစ်သော ကြောင့် ကုသိုလ်ကောင်းမှုအရာ၌ ပေးကမ်းခြင်း ဒါနဖြစ်လျှင် စွန့်ကြဲခြင်း ပရိစ္စာဂလည်း ဖြစ်တော့သည်သာ။

## အလှူအမျိုးအစားများ

အလှူဒါနသည် အမျိုးအစားအားဖြင့် များစွာရှိရာ အဓိကအားဖြင့် (၃)မျိုး ရှိသည်။ ၎င်းတို့မှာ-

- သုတ္တန်ဒေသနာနည်းအရ အလှူဒါန၊
- ဝိနည်းဒေသနာနည်းအရ အလှူဒါန၊
- အဘိဓမ္မာဒေသနာနည်းအရ အလှူဒါန၊

တို့ဖြစ်ကြသည်။

www.dhammaransi.com



## သုတ္တန်ဒေသနာနည်းအရဒါန (၁၀)မျိုး

(၁) အန္နဒါန - ဆွမ်းထမင်း အစားအစာ အလှူ။
(၂) ပါနဒါန - သောက်ရေ အဖျော် ယမကာ အလှူ။
(၃) ဝတ္ထဒါန - အဝတ် အထည် သင်္ကန်း စသည့် အလှူ။
(၄) ယာနဒါန - ဖိနပ်စသော ယဉ်အလှူ။
(၅) မာလဒါန - ပန်းမျိုးစုံ အလှူ။
(၆) ဂန္ဓဒါန - နံ့သာခဲ၊ နံ့သာတုံး၊ အမွှေးတိုင်အမျိုးမျိုး အလှူ။
(၇) ဝိလေပနဒါန- နံ့သာပြောင်း၊ နံ့သာရည် အမျိုးမျိုး အလှူ။
(၈) သေယျာဒါန- ညောင်စောင်း၊ အင်ပျဉ် အိပ်ယာ နေရာ အမျိုးမျိုး အလှူ။
(၉) အာဝါသဒါန- ကျောင်း၊ ဇရပ်၊ သိမ်၊ ဓမ္မာရုံစသည့် အမျိုးမျိုး အလှူ။
၁၀) ပဒီပေယျဒါန- ဆီမီးအမျိုးမျိုး အလှူ။

## ဝိနည်းဒေသနာနည်းအရဒါန (၄)မျိုး

(၁) စီဝရဒါန - သင်္ကန်းအလှူ။
(၂) ပိဏ္ဍပါတဒါန- ဆွမ်းဘောဇဉ်အလှူ။
(၃) သေနာသနဒါန-ကျောင်းအိပ်ရာနေရာ အလှူ။
(၄) ဘေသဇ္ဇဒါန- ဆေးပစ္စည်း အမျိုးမျိုး အလှူ။

www.dhammaransi.com



## အဘိဓမ္မာဒေသနာနည်းအရ ဒါန(၆)မျိုး

(၁) ရူပဒါန - အဆင်းအမျိုးမျိုး ရူပါရုံ အလှူ
(၂) သဒ္ဒဒါန - အသံအမျိုးမျိုး သဒ္ဒါရုံ အလှူ
(၃) ဂန္ဓဒါန - အနံ့အမျိုးမျိုး ဂန္ဓာရုံ အလှူ
(၄) ရသဒါန - စားဖွယ် သောက်ဖွယ် အမျိုးမျိုး ရသာရုံ အလှူ
(၅) ဖောဋ္ဌဗ္ဗဒါန - သင်္ကန်း ကျောင်းစသော အထိအတွေ့ အလှူ
(၆) ဓမ္မဒါန - တရားဟောခြင်း၊ သင်ကြားပို့ချခြင်း စသော အသိဉာဏ် အမျိုးမျိုးပေးသည့် ဓမ္မာရုံအလှူ။

## သူတော်ကောင်းအလှူ (၅)မျိုး(သပ္ပုရိသဒါနငါးပါး)နှင့် အကျိုးများ

(၁) သဒ္ဓါဒါန=ကံ, ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရားဖြင့် လှူဒါန်းခြင်း၊
(၂) သက္ကစ္စဒါန=လှူဖွယ်ဝတ္ထုကို စင်ကြယ်မွန်မြတ်အောင် ကောင်းစွာ ပြုလုပ်၍ လှူဒါန်းခြင်း။
(၃) ကာလဒါန=အချိန်အခါနှင့် သင့်လျော်စွာ လှူဒါန်းခြင်း၊ သင့်လျော်လျောက်ပတ်သောအချိန်၌ လှူဒါန်းခြင်း၊
(၄) အနုဂ္ဂဟဒါန=အလှူခံပုဂ္ဂိုလ်ကို ချီးမြှောက်လိုသော စိတ်ထားဖြင့် လှူဒါန်းခြင်း၊
(၅) အနုပဟစ္စဒါန=မိမိ၊ သူတစ်ပါးမည်သူ့အားမျှ ဂုဏ်ပျက်ပြားအောင် အစွန်းအငြိ အထိအခိုက် မရှိစေဘဲ လှူဒါန်းခြင်း။

## တနည်း) သပ္ပုရိသဒါနငါးပါး

(၁) လှူဖွယ်ဝတ္ထုကို စင်ကြယ်ကောင်းမွန်အောင် ပြုပြင်စီမံ၍ လှူဒါန်းခြင်း၊
(၂) စိတ်ထဲမှာ ရိုသေလေးစားမြတ်နိုးမှုရှိ၍ လှူဒါန်းခြင်း၊
(၃) မိမိကိုယ်တိုင် ကိုင်တွယ်လှူဒါန်းခြင်း
(၄) ထမင်းကြွင်း ဟင်းကျန်စသည့် စွန့်ပစ်အပ်သော ပစ္စည်းမျိုးကဲ့သို့ မဟုတ်ဘဲ ဂရုတစိုက် လှူဒါန်းခြင်း၊

www.dhammaransi.com



(၅) ဤလှူဒါန်းမှုကြောင့် နောင်အခါဝယ် ကောင်းကျိုး ကေန်ရောက်လိမ့်မည်ဟု သိရှိသော ကမ္မဿကတာ ပညာရှေ့သွား၍ လှူဒါန်းခြင်း။

**အကျိုးများ**

(၁) သဒ္ဓါဒါနကြောင့် အဆင်းလှခြင်း၊

(၂) သက္ကစ္စဒါနကြောင့် သားမယား၊ ကျေးကျွန် အစေခံ အလုပ်သမား စသော အခြွေအရံ ပရိတ်သတ်များ မိမိစကားကို လိုက်နာခြင်း၊

(၃) ကာလဒါနကြောင့် လိုအပ်သော အကျိုးတရားတို့ကို ရရှိနိုင်ခြင်း၊

(၄) အနုဂ္ဂဟဒါနကြောင့် ရရှိသော စည်းစိမ်တို့ကို ရန်သူမျိုးငါးပါးတို့ အထိအပါး မခံရခြင်း၊

## အလှူယုတ် (၅)မျိုးနှင့် အကျိုးများ

- လှူဖွယ်ဝတ္ထုကို စင်ကြယ်ကောင်းမွန်အောင် စီမံပြုပြင်ခြင်းမျိုး မရှိဘဲ လှူဒါန်းခြင်း၊
- စိတ်ထဲမှာ ရိုသေလေးစားမြတ်နိုးမှုမရှိဘဲ လှူဒါန်းခြင်း၊
- မိမိကိုယ်တိုင် ကိုယ်တွယ်၍ လှူဒါန်းသင့်ပါလျက် ကိုင်တွယ်၍ မလှူဒါန်းခြင်း၊
- ထမင်းကြွင်းဟင်းကျန်စသည့် စွန့်ပစ်အပ်သော ပစ္စည်းကဲ့သို့ လှူဒါန်းခြင်း၊
- ဤလှူဒါန်းမှုကြောင့် နောင်အခါဝယ် ကောင်းကျိုးကေန် ရောက်လာလိမ့်မည်ဟု သိရှိသော ကမ္မဿကတာ ပညာမရှိဘဲ လှူဒါန်းခြင်း၊

**အကျိုးများ**

- စည်းစိမ် ဥစ္စာရှိပါသော်လည်း အဂ်ါအဆင်း မပြည့်စုံခြင်း၊
- စည်းစိမ် ဥစ္စာရှိပါသော်လည်း အခြွေအရံ ပရိသတ်များ မိမိစကားကို မလိုက်နာခြင်း၊
- စည်းစိမ် ဥစ္စာရှိပါသော်လည်း လိုအပ်သော အချိန်၌ လိုအပ်သော အကျိုးတရား မရနိုင်ဘဲ ရှိတတ်ခြင်း၊
- စည်းစိမ် ဥစ္စာရှိပါသော်လည်း မွန်မြတ်သော အသုံး အဆောင်တို့ကို သုံးဆောင်ရန် စိတ်ဆန္ဒမရှိ၊ မသုံး ဆောင်ရဘဲ ရှိတတ်ခြင်း၊
- စည်းစိမ် ဥစ္စာရပါသော်လည်း ရန်သူမျိုးငါးပါးတို့ ဖျက်ဆီး၍ ပျက်စီးတတ်ခြင်း။

www.dhammaransi.com



## အချိန်အခါကာလဒါန (၅)မျိုးနှင့် အကျိုး

- ဧည့်သည် အာဂန္တုအား လှူဒါန်းခြင်း၊
- ခရီးသွားပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
- မကျန်းမာသော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
- ငတ်မွတ်ခေါင်းပါးသောအခါ လှူဒါန်းခြင်း၊
- မိမိလုပ်ကိုင်သော ကောက်ဦး သစ်ဦးတို့ကို သီလဝန္တ ရဟန်းတော်တို့အား ဦးဦးဖျားဖျား လှူဒါန်းခြင်း။

## အကျိုး

- ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာခြင်း၊
- များသော အသုံးအဆောင်ရှိခြင်း၊
- အချိန်ကာလနှင့်လျော်စွာ အကျိုးတရားများစွာ ရနိုင်ခြင်း၊
- လိုအပ်သော အချိန်၌ လိုအပ်သော ပစ္စည်းများကို ရတတ်ခြင်း။

## သံဃိကအလှူ (၇)မျိုး

- မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ ဘုရားအမှူး ရှိသော ဘိက္ခု၊ ဘိက္ခုနီသံဃာတို့အား လှူဒါန်း ခြင်း၊
- ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် ဘိက္ခုနီ သံဃာတို့အား လှူဒါန်းခြင်း၊
- ဘိက္ခုသံဃာအား လှူဒါန်းခြင်း၊
- ဘိက္ခုနီသံဃာအားသာ လှူဒါန်းခြင်း၊
- ဘိက္ခု၊ ဘိက္ခုနီသံဃာများက ညွှန်ကြားလိုက်သော ပုဂ္ဂိုလ်တို့အား သံဃာကိုစိတ်အာရုံထား၍ လှူဒါန်းခြင်း၊

www.dhammaransi.com



- ရဟန်းသံဃာများက ညွှန်ကြားလိုက်သော ပုဂ္ဂိုလ်တို့အား သံဃာဟူသော စိတ်ထားဖြင့် လှူဒါန်းခြင်း၊
- ဘိက္ခုနီသံဃာများက ညွှန်ကြားလိုက်သော ပုဂ္ဂိုလ်တို့အား သံဃာဟူသော စိတ်ထားဖြင့် လှူဒါန်းခြင်း။

## သူတော်ကောင်းအလှူ (၈)မျိုး

- ပစ္စည်းဝတ္ထုကို သန့်ရှင်းစင်ကြယ် တင့်တယ်လှပအောင် ပြု၍ လှူဒါန်းခြင်း၊
- မွန်မြတ်သောအရာကို လှူဒါန်းခြင်း၊
- သင့်လျော်လျောက်ပတ်သောအခါ၌ လှူဒါန်းခြင်း၊
- အလှူခံပုဂ္ဂိုလ်တို့နှင့် လှူဖွယ်ဝတ္ထုကို ရွေးချယ်စိစစ်ပြီး လှူဒါန်းခြင်း၊
- မိမိစွမ်းနိုင်သမျှ မပြတ်မလပ်ပေးလှူခြင်း၊
- ပေးလှူစဉ်အခါ စိတ်ကို ကြည်လင်စေ၍ ပေးလှူခြင်း၊
- လှူဒါန်းပြီးနောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရအောင် ပေးလှူခြင်း၊
- အလှူခံပုဂ္ဂိုလ်တို့နှင့် အပ်စပ်သော ပစ္စည်းကိုသာ လှူဒါန်းခြင်း။

## မသူတော်အလှူ (၅)မျိုး

- မစင်မကြယ် မဖွယ်မရာ လှူဒါန်းခြင်း၊
- အညံ့စားများကိုသာ လှူဒါန်းခြင်း၊
- သင့်လျော်သည့်အခါ မဟုတ်ဘဲ လှူဒါန်းခြင်း၊
- အလှူခံတို့နှင့် မအပ်စပ်သော ပစ္စည်းကို လှူဒါန်းခြင်း၊
- အလှူခံပုဂ္ဂိုလ်နှင့် လှူဖွယ်ပစ္စည်းကို မရွေးချယ်ဘဲ လှူဒါန်းခြင်း၊
- စွမ်းနိုင်ပါလျက် စွမ်းနိုင်သမျှ မလှူဘဲ ပြတ်တောင်း ပြတ်တောင်း လှူဒါန်းခြင်း၊

www.dhammaransi.com



- လှူစဉ်အခါ စိတ်မကြည်မလင်ဘဲ လှူဒါန်းခြင်း၊
- လှူပြီးနောက် စိတ်မနှစ်လို တွန့်တိုနေခြင်း။

## မကောင်းမှု အလှူ (၅)မျိုး

- သေရည်အရက်အလှူ၊
- ပွဲသဘင် အလှူ၊
- မည်သူမဆို အလိုရှိသော သူများသွား လာကြရန် ပြည့်တန်ဆာများကို ငှားထားသော အလှူ၊
- နွားမများရှိရာသို့ နွားသိုးကို အလိုရှိသလို မြူးထူး ပျော်ပါးရန် လွှတ်ပေးခြင်း အလှူ၊
- မသင့်မလျော်သော ရုပ်ပုံများကို ရေးသားလှူဒါန်းခြင်း အလှူ။

## အလှူခံပုဂ္ဂိုလ်တစ်ကျိပ်လေးယောက်

- ခွေး၊ ဝက်၊ ကြက်၊ ပရွက်မကျန် တိရစ္ဆာန်၊
- သီလမရှိသောသူ၊
- သီလရှိသူ၊
- သာသနာပစျာန်ရ ရသေ့၊
- သောတာပတ္တိမဂ် ပုဂ္ဂိုလ်၊
- သကဒါဂါမိမဂ် ပုဂ္ဂိုလ်၊
- အနာဂါမိမဂ် ပုဂ္ဂိုလ်၊
- အရဟတ္တမဂ် ပုဂ္ဂိုလ်၊
- သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်၊
- သကဒါဂါမိ ဖိုလ်ပုဂ္ဂိုလ်၊

www.dhammaransi.com



- အနာဂါမိ ဖိုလ်ပုဂ္ဂိုလ်၊
- အရဟတ္တဖိုလ် ပုဂ္ဂိုလ်၊
- ပစ္စေကဗုဒ္ဓါ၊
- ဘုရား။

## အလှူခံတစ်ကိုယ်လေး–ပေးလှူ အကျိုး

- တိရစ္ဆာန်သတ္တဝါအား တစ်နပ်စာ ကျွေးမွေးခြင်းကြောင့် ဘဝတစ်ရာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ချမ်းသာကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ အကျိုးငါးပါးရ၏၊
- သီလမရှိသော ပုထုဇဉ်ကို တစ်နပ်စာ ကျွေးမွေးလျှင် ဘဝတစ်ထောင်း ကောင်းကျိုးငါးပါး ခံစားရ၏၊
- သီလရှိသော ပုထုဇဉ်ကို တစ်နပ်စာ ကျွေးမွေးလျှင် ဘဝ တစ်သိန်း ကောင်းကျိုးငါးပါး ခံစားရ၏၊
- သာသနာပစျာန်ရ ရသေ့အား တစ်နပ်စာ ကျွေးမွေးလျှင် ဘဝကုဋေတစ်သိန်း ကောင်းကျိုးငါးပါး ခံစားရ၏၊
- သရဏဂုံသီလရှိသော လူသာမဏေစသော သောတာပတ္တိမဂ်တည် ပုဂ္ဂိုလ်ကို တစ်နပ်စာကျွေးမွေးလျှင် ဘဝ အသင်္ချေ ကောင်းကျိုးငါးပါး ခံစားရ၏၊
- ဤမှအထက် မြတ်စွာဘုရားတိုင်အောင် အသင်္ချေ သင့်ကာသင့်ကာ ကောင်းကျိုး ငါးပါးခံစားရရှိနိုင်သည်။

www.dhammaransi.com



## အလှူ၏မျက်မှောက်အကျိုးပေးခြင်း အကြောင်းတရား (၄)ပါး

- လှူဖွယ်ဝတ္ထုပစ္စည်းများသည် တရားသဖြင့် ရှာမှီ ရအပ်သည့် ဓမ္မိယလဒ္ဓပစ္စည်းဖြစ်ခြင်း၊
- သဒ္ဓါတရား ထက်ထက် သန်သန် စေတနာသုံးတန် ညီညွတ်၍ လှူဒါန်းခြင်း၊
- အလှူခံပုဂ္ဂိုလ်က ရဟန္တာ သို့မဟုတ် အနာဂါမ် ပုဂ္ဂိုလ်ဖြစ်ခြင်း၊
- ထိုအလှူခံ ပုဂ္ဂိုလ်က နိရောဓသမာပတ်မှ ထပြီးစ ဖြစ်ခြင်း၊ ဤသမ္ပဒါနနှင့် ပြည့်စုံလျှင် အလှူရှင်မှာ (၇)ရက် အတွင်း ချက်ချင်းထင်ရှားသော အကျိုးများကို ပဉ္စမဇောစေတနာက မုချ အကျိုးပေး၏။

## အသက်ရှည်အလှူ (၅)မျိုး

- ရေစစ်အလှူ
- ဆေးအလှူ
- ကျောင်းအလှူ
- အဟောင်းကို ပြုပြင်မွမ်းမံသော အလှူ
- ငါးပါးသီလ။

## အလှူအာနိသင်ကြီးကြောင်း (၅)ပါး

- အလှူဒကာသီလရှိ၍ ကောင်းသော ကိုယ်ကျင့်တရားနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊
- အလှူခံပုဂ္ဂိုလ်သီလရှိ၍ ကောင်းသော ကိုယ်ကျင့်တရားနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊

www.dhammaransi.com


- လှူဘွယ်ဝတ္ထုကလည်း တရားသဖြင့် ရအပ်သော ဓမ္မိယလဒ္ဓ ပစ္စည်းဖြစ်ခြင်း၊
- စေတနာသုံးတန်ညီညွတ် ထက်သန်ခြင်း၊
- ကံ ကံ၏အကျိုးကို ယုံကြည်မှု သဒ္ဓါတရားရှိခြင်း။

## အလှူပေးသူ၏ မျက်မှောက်အကျိုး (၅)ပါး

- လူအများတို့ မျက်နှာမြင်လျှင် ချစ်ခင် နှစ်သက်ခြင်း၊
- သူတော်ကောင်းတို့ မှီခိုဆည်းကပ်လာခြင်း၊
- ဂုဏ်းကျေးဇူးသတင်း ပျံ့နှံ့ကျော်ကြားခြင်း၊
- ပရိသတ်လေးပါးသို့ ရွံ့ရှားခြင်းကင်း၍ ရဲတင်းစွာ ချဉ်းကပ်နိုင်ခြင်း
- သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ လားရောက်ခြင်း။

## အလှူစင်ကြယ်ခြင်း (၄)ပါး

- အလှူခံကြောင့် မစင်ကြယ်သော်လည်း အလှူဒကာကြော စင်ကြယ်သော ဒါန၊
- အလှူဒကာကြောင့် မစင်ကြယ်သော်လည်း အလှူခံ ကြော စင်ကြယ်သော ဒါန၊
- အလှူဒကာကြောင့်လည်း မစင်ကြယ်၊ အလှူခံကြောင့်လည်း မစ ကြယ်သော ဒါန၊
- အလှူဒကာကြောင့်လည်း စင်ကြယ်၊ အလှူခံလည်း စင်ကြယ်သေ ဒါန။

www.dhammaransi.com



## အလှူပြုနည်း (၄)မျိုး

- မိမိသာလျှင် လှူ၍ သူတစ်ပါးကို လှူစေရန် မတိုက်တွန်း၊ ထိုသူသည် ဖြစ်ရာဖြစ်ရာ ဘုံဘဝ၌ စည်းစိမ်ဥစ္စာ ကြွယ်ဝ၏၊ သို့သော် အခြံအရံပရိသတ် မပြည့်စုံ၊
- မိမိမူကားမပေးလှူဘဲ သူတစ်ပါးကို လှူရန် တိုက်တွန်း၏၊ ထိုသူသည် ဖြစ်ရာဖြစ်ရာ ဘုံဘဝ၌ အခြွေအရံ ပရိသတ်ပြည့်စုံ၏၊ သို့သော်လည်း စည်းစိမ်ဥစ္စာ မပြည့်စုံ၊
- မိမိလည်း မပေးလှူ သူတစ်ပါးကို လည်း ပေးလှူရန် မတိုက်တွန်းပေ၊ ထိုသူသည် ဖြစ်ရာဖြစ်ရာ ဘုံဘဝ၌ စည်းစိမ်ဥစ္စာလည်း မပြည့်စုံ၊ အခြံအရံ ပရိသတ်လည်း မပြည့်စုံ၊
- မိမိလည်း ပေးလှူ၏၊ သူတစ်ပါးကိုလည်း ပေးလှူရန် တိုက်တွန်း၏၊ ထိုသူသည် ဖြစ်ရာဖြစ်ရာ ဘုံဘဝ၌ စည်းစိမ်ဥစ္စာလည်း ပြည့်စုံ ကြွယ်ဝ၏။ အခြွေအရံပရိသတ်လည်း ပြည့်စုံ၏။

## အလှူအင်္ဂါ (၆)ပါး

- မလှူမီ ရှေ့အဖို့က ကြိုတင်ဝမ်းမြောက်ခြင်း၊
- လှူဆဲအခါမှာ စိတ်စေတနာကောင်းစွာ ကြည်လင်ခြင်း၊
- လှူဒါန်းပြီးနောက် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိခြင်း၊
- ရာဂကင်းသူ ဖြစ်ခြင်း၊ သို့မဟုတ် ရာဂကင်းရန် ကျင့်ကြံ အားထုတ် နေသူ ဖြစ်ခြင်း၊
- ဒေါသကင်းပြီးသူဖြစ်ခြင်း၊ သို့မဟုတ် ဒေါသကင်းရန် ကျင့်ကြံ အားထုတ်နေသူ ဖြစ်ခြင်း၊
- မောဟကင်းပြီးသူဖြစ်ခြင်း သို့မဟုတ် မောဟကင်းရန် ကျင့်ကြံ အားထုတ် နေသူဖြစ်ခြင်း။

www.dhammaransi.com


## အပိုင်း (၂)

## လှူဒါန်းသူသည် သတ္တဝါမတူညီမှုအရ အကျိုးကျေးဇူးများ

### ပုံသဏ္ဍာန်သက်နှောင်ကျမ်း အကျိုး

- ပညာကြီးခြင်း၊
- ခွန်အားကြီးခြင်း၊
- အဆင်းလှခြင်း၊
- တန်ခိုးကြီးခြင်း၊
- အင်္ဂါကြီးငယ်လက္ခဏာတို့နှင့် ပြည့်စုံခြင်း၊
- အလုံးအရင်းနှင့် ပြည့်စုံခြင်း။

### ကထိန်သင်္ကန်းလှူ အကျိုး

- အသက်ရှည်ခြင်း၊
- အဆင်းလှခြင်း၊
- ချမ်းသာကြီးခြင်း၊
- ခွန်အားဗလနှင့် ပြည့်စုံခြင်း၊
- စျာန် မဂ် ဖိုလ် တရားများကို ရနိုင်ခြင်း၊
- ပစ္စုပ္ပန်သံသရာတို့၌ အကျိုးများခြင်းကြောင့် ကထိန် သင်္ကန်းနှင့် အတူတကွ အခြံအရံ ဖြစ်ကုန်သော ဆွမ်းခဲဖွယ် ဘောဇဉ် ချိုချဉ်ဩဇာအရသာတို့ကို ဆက်ကပ်လှူဒါန်းရခြင်း၊
- သီလဆောက်တည်ရခြင်း၊

www.dhammaransi.com


- တရားနာရခြင်း၊
- အလှူခံပုဂ္ဂိုလ်၊ အလှူဝတ္ထုနှင့် ပတ်သက်၍ သမထ ဝိပဿနာ ပွားများရခြင်း။

## ဝါဆိုသင်္ကန်းလှူ အကျိုး

ဝါဆိုသင်္ကန်းအလှူဒါနသည် နှစ်စဉ်လှူဒါန်းရသော ဒါန (နိဗဒ္ဓ ဒါန)ဖြစ်၍ ဝါဆိုသင်္ကန်း အလှူရှင်သည် သောတာပန်နှင့်အလားတူသည် အပါယ်လေးပါး တံခါးပိတ်သည်ဟု ကျမ်းဂန်များက မိန့်ဆိုပါသည်။ သင်္ကန်းလှူဒါန်းရသော အခြားအကျိုးကျေးဇူးများမှာ–

- သင်္ကန်းအလှူရှင်သည် ရွှေအဆင်းကဲ့သို့ ဝါဝင်း လှပခြင်း၊
- ကိုယ်အညစ်အကြေးကင်းခြင်း၊
- ကိုယ်ရေ အရောင်တောက်ပခြင်း၊
- တန်ခိုးရှိန်ဝော် အာနုဘော်ကြီးခြင်း၊
- ကိုယ်လုံးကိုယ်နေ ပြေပြစ်ခြင်း၊
- အဖိုးတန်လှပသော အဝတ်အထည်တို့ကို ရရှိဆင်မြန်းခြင်း၊
- သင်္ကန်းလှူသူသည် အမျိုးသမီးဖြစ်ပါက အသပြာ ကုဋေတန်သော မဟာလတာတန်ဆာကို ရရှိဆင်မြန်းနိုင်ခြင်း၊
- အမျိုးသားဖြစ်ပါက ဟေဘိက္ခုရဟန္တာဖြစ်ပြီး တန်ခိုးဖြင့် ဖြစ်ပေါ်လာသော သင်္ကန်းကို ရရှိနိုင်ခြင်း။

## ဆွမ်းလှူအကျိုး

- အသက်ရှည်ခြင်း၊
- အဆင်းလှခြင်း၊

www.dhammaransi.com


- ချမ်းသာကြီးခြင်း၊
- ခွန်အားကြီးခြင်း၊
- ဉာဏ်ပညာကြီးခြင်း။

## ကျောင်းဆောက်လှူအကျိုး

- ဘဝအဆက်ဆက် အချမ်းအပူ မရှိသည်ဖြစ်ခြင်း၊
- ဘေးဥပဒ္ဒဝေါကင်းခြင်း၊
- ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံခြင်း၊
- ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားကို ရခြင်း၊
- ရတနာ အတိပြီးသော ဗိမာန်ပြာသာဒ်တို့ကို ရခြင်း၊
- နတ်သြဇာနှင့်တူသော ကောင်းမွန်စွာသော အမြိန် အမြတ် သြဇာအရသာစာတ်တို့ကို စားသုံးရခြင်း၊
- ပဒေသာပင်၌ ဖြစ်သော အဝတ်ကို ဝတ်ရခြင်း၊
- အံုးမွေ့ယာ ကမ္ဗလာကိုင်း၊ ဆင်ယာဉ်၊ မြင်းယာဉ်တို့ကိုင်း ရခြင်း။

## သံဃိကကျောင်းလှူ အကျိုး

- ကျောင်းလှူသော သူသည် ခမ်းသိမ်းသော အလှူကို လှူသူမည်၏၊
- ကျောင်းလှူ အကျိုးသည် အလွန်ကြီးမားသည်၊
- တိရစ္ဆာန်တစ်ကောင်ကို လှူရသော အကျိုးသည် တစ်ရာသော အကျိုးကို ရ၏၊
- တိရစ္ဆာန်တစ်ရာထက်နွားနှင့် တူသော လူမိုက်တစ်ယောက်အား လှူရသော အကျိုးသည်ကြီး၏၊

www.dhammaransi.com



- လူမိုက်တစ်ရာလှူရသည်ထက် သီလသမာဓိရှိသူ တစ်ယောက်အား လှူရသော အကျိုးသည် ကြီး၏။
- သီလသမာဓိရှိသူတစ်ရာအား လှူရသည်ထက် သီတင်းသည် တစ်ယောက်ကို လှူရသော အကျိုးကြီး၏။
- သီတင်းသည်တစ်ရာလှူရသည်ထက် သာမဏေတစ်ပါး လှူရကျိုးသည် ကြီး၏။
- သာမဏေတစ်ရာလှူရသည်ထက် ရဟန်းတစ်ပါး လှူရကျိုးသည် ကြီး၏။
- ရဟန်းတရာ လှူရသည်ထက် သီလဝန္တပုထုဇဉ် ရဟန်းတစ်ပါး လှူရကျိုးသည် ကြီး၏။
- သီလဝန္တပုထုဇဉ် ရဟန်းတစ်ရာ လှူရသည်ထက် သောတာပန် အရိယာတစ်ပါးလှူရကျိုးသည် ကြီး၏။
- သောတာပန်တစ်ရာထက် သကဒါဂါမ်တစ်ပါး လှူရသည်က ပို၍အကျိုးကြီး၏။
- သကဒါဂါမ်တစ်ရာထက် အနာဂါမ်တစ်ပါး လှူရသည်က ပို၍အကျိုးကြီး၏။
- အနာဂါမ်တစ်ရာ လှူရသည်ထက် ရဟန္တာတစ်ပါး လှူရသည်က ပို၍ အကျိုးကြီး၏။
- ရဟန္တာတစ်ရာ လှူရသည်ထက် ဘုရားတစ်ပါး လှူရသည်က ပို၍ အကျိုးကြီး၏။
- ထိုထက်ကား ဘုရားအမှူးရှိသော သံဃာကို လှူရသည်ကား ပို၍ အကျိုးကြီး၏။
- ထို့ထက် သရဏဂုံနှင့် ပဉ္စသီလဆောက် တည်ခြင်းကား ပို၍ အကျိုးကြီး၏။

www.dhammaransi.com


- ထိုထက်အရပ်လေးမျက်နှာ သံဃာအတွက် ကျောင်းဆောက်လှူသည်ကား ပိုအကျိုးကြီး၏၊
- ကျောင်းအလှူ အကျိုးသည်ကြီး၏၊ တန်ခိုးကြီးသော ဗြဟ္မာလျှာသုံးခုဖြင့် အသက်ရှည်သမျှ ဟောပြောပြသော်လည်း မကုန်နိုင်ရာ၊
- ကျောင်းဆောက်လှူ၍ ပြာသဒ်ရှစ်ဆောင်း ပေါက်ပါသည်၊
- စကြဝတေးမင်းအဖြစ် စကြာရတနာ ခုနှစ်ပါးကို ရရှိခံစားရသည်။

## ဆေးလှူအကျိုး

- အသက်ရှည်ခြင်း၊
- ခွန်အားကြီးခြင်း၊
- ပညာကြီးခြင်း၊
- အဆင်းလှခြင်း၊
- အခြံအရံများ၍ ကျော်စောခြင်း၊
- ဆင်းရဲကင်း၍ ချမ်းသာခြင်း
- ဘေးဥပဒ်ကင်းခြင်း၊
- ရောဂါရန်မန်ကင်းခြင်း၊
- လူ နတ်တို့၏ အပူဇော်ခံရခြင်း၊
- ချစ်သူနှင့် မကွဲမကွာနေရခြင်း။

## ပွဲသကူအဝတ်ပုဆိုးလှူအကျိုး

- အသက်အတိုင်းနေ၍ သေခဲ့သော် နတ်ပြည်၌ ဖြစ်ခြင်း၊
- နတ်ဖြစ်ဘုံ၊ လူဖြစ်ဘုံ ကမ္ဘာတစ်သိန်းတိုင် အပါယ်လေးပါး မလားဘဲ သိကြားမင်းအဖြစ် သုံးဆယ့်ခြောက်ကြိမ် ဖြစ်ခြင်း၊

www.dhammaransi.com


- လေးကျွန်းလုံးကို အစိုးရသော စကြာရတနာ၊ မြင်းရတနာ၊ သားကြီးရတနာ၊ သူဌေးရတနာ၊ သမီးကညာရတနာ၊ ပတ္တမြားရတနာ ဟူသော ရတနာ၊ ခုနစ်ပါးနှင့် ပြည့်စုံသော စကြာမင်းအဖြစ် နှစ်ဆယ့်ခုနှစ်ကြိမ်ဖြစ်ခြင်း၊
- တစ်ကျွန်းလုံးကို အစိုးရသော ကေရာဇ်မင်း၊တစ်ကျွန်းတွင် တစ်စိတ် တစ်နိုင်ငံကိုအစိုးရသော ပဒေသရာဇ်မင်း၏အဖြစ်မှ မရေတွက်နိုင်အောင် များစွာဖြစ်ရခြင်း။

## အဝတ်ပုဆိုးလှူအကျိုး

ဖြစ်လေရာ ဘုံဘဝအတိုင်း၌ ရွှေနှင့်တူသော အဆင်းရှိခြင်း၊

- အညစ်အကြေးကင်းစင်ခြင်း၊
- ကိုယ်ရောင်ဖွက်ခြင်း၊
- နူးညံ့ပျော့ပျောင်းသော ကိုယ်ရှိခြင်း၊
- ဦးခေါင်းထက်၌ အရောင်အမျိုးမျိုးရှိသော ပုဆိုးပေါင်း တစ်သိန်းတို့ မိုးကာခြင်း၊
- ပိုးထည်၊ ကမ္ဗလာထည်၊ ဖဲထည်၊ ဝါထည်ပုဆိုးတို့ကို အလိုရှိသမျှ ရနိုင်ခြင်း။

## ထီးလှူအကျိုး

- အချမ်း အပူ မခံရခြင်း၊
- ဖုံမြူအညစ်အကြေး မလိမ်းမကပ်ခြင်း၊
- ဘေးဥပဒ္ဒဝေါမရှိခြင်း၊
- ရောဂါရန်မန်ဒဏ်အမျိုးမျိုးတို့မှ ကင်းခြင်း၊

www.dhammaransi.com


- လူနတ်အပေါင်းတို့၏ အပူဇော်ခံရခြင်း၊
- အရေအသားနူးညံ့သိမ့်မွေ့ခြင်း၊
- စိတ်နှလုံးသန့်ရှင်းကြည်လင်ခြင်း၊
- သံသရာတစ်ခွင်၌ တန်ဆာဆင်အပ်သော ထီးပေါင်း တစ်သိန်းတို့ မိုးကာခြင်း။

## အင်းပျဉ်လှူ့အကျိုး

- အမျိုးမြတ်ခြင်း၊
- ပစ္စည်းဥစ္စာပေါများခြင်း၊
- သူခပ်သိမ်းတို့၏ အပူဇော်ခံယူရခြင်း၊
- ကောင်းသတင်းကျော်စောခြင်း၊
- ကမ္ဘာတစ်သိန်းပတ်လုံး ရတနာပလ္လင်၌ စံနေရခြင်း။

## သပိတ်လှူ့အကျိုး

- ရွှေခွက်၊ မြခွက်၊ ငွေခွက်၊ ပတ္တမြားခွက်တို့ကို သုံးဆောင် ရခြင်း၊
- ဘေးဥပါဒ်မရှိခြင်း၊
- ရောဂါရန်မန် ကင်းရှင်းခြင်း၊
- လူနတ်အပေါင်းတို့၏ ပူဇော်မြတ်နိုးမှုကို ခံရခြင်း၊
- လာဘ်များခြင်း၊
- စည်းစိမ်ချမ်းသာ မပျက်စီးနိုင်ဘဲ တည်နိုင်ခြင်း၊
- စိတ်နှလုံးတည်တံ့ခြင်း၊
- ကိလေသာ အာသဝေါနည်းပါးစွာနှင့် အမြတ်တရားကိုသာ လိုလား ခြင်း။

www.dhammaransi.com



## အပ်လှူအကျိုး

- မိမိကိုယ်တိုင် ယောင်ယောင်ဝါးဝါးနှင့် ယုံမှား တွေဝေမှု မရှိခြင်း၊
- သူတစ်ပါးတို့၏ ယုံမှားသံသယကို ပယ်ဖျောက်နိုင်ခြင်း၊
- အဆင်းလှခြင်း၊
- စည်းစိမ်ချမ်းသာများပြားခြင်း၊
- ပညာထက်မြက်ခြင်း၊
- နက်နဲသိမ်မွေ့သည့် သဘောအဓိပ္ပါယ်တို့ကို လွယ်ကူစွာ သိမြင်နိုင်ခြင်း၊
- မောဟမှောင်ကြီးကို ဖျက်ဆီးနိုင်သော အရဟတ္တမဂ်ဉာဏ်ကို ရရှိခြင်း။

## ပဲကွပ်လှူအကျိုး

- ရဲရင့်ခြင်း၊
- ထိတ်လန့်တုန်လှုပ်မှုကင်းခြင်း၊
- ရဲရင့်မှုဝေသာရဇ္ဇဂုဏ်နှင့် ပြည့်စုံခြင်း၊
- မယိမ်းမယိုင်ခိုင်ခန့်ခြင်း၊
- ဝီရိယစွမ်းအင်ထက်သန်ခြင်း၊
- စိတ်နေစိတ်ထားမြင့်မားခြင်း၊
- ကိလေသာကို ဖြတ်နိုင်သော အရဟတ္တ မဂ်ဉာဏ်နှင့် ပြည့်စုံခြင်း။

www.dhammaransi.com



## ဓါးလှူအကျိုး

- မိတ်ဆွေကောင်းရရှိခြင်း၊
- ဝီရိယစွမ်းအင်ထက်သန်ခြင်း၊
- သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံခြင်း၊
- မေတ္တာလက်နက်ကို ကိုင်ဆောင်ရခြင်း၊
- ဝရဇိန်လက်နက် မိုးကြိုးစက်နှင့်တူသည့် အရဟတ္တမဂ်ဉာဏ်လက်နက်ကို ရရှိခြင်း။

## လက်သည်းလှီးဓါးလှူအကျိုး

- ကျွန်မိန်းမ၊ ကျွန်ယောက်ျားတို့ကို ရရှိခြင်း၊
- နွား၊ မြင်း အစရှိသည့် ယာဉ်တိရစ္ဆာန်များကို ရရှိခြင်း၊
- အလုပ်သမားတို့ကို ရရှိခြင်း၊
- မှီခိုစားလာသောသူတို့ကို ရရှိခြင်း၊
- ဆတ္တာသည် တင်းပြင်သမား၊ တင်းချက်သမားတို့ကို ရရှိခြင်း။

## နှီးယပ်၊ ထန်းရွက်ယပ်လှူအကျိုး

- အချမ်း အပူဖြင့် မတွေ့မထိရခြင်း၊
- သူတစ်ပါးအတွက်လည်းမပူရ၊ မိမိအတွက်လည်း မပူရ စိတ်နှလုံး ချမ်းမြေ့ခြင်း၊
- ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ မာနမီး၊ ဒိဋ္ဌိမီး မီးအမျိုးစုံအကုန် ချုပ်ငြိမ်းခြင်း။

www.dhammaransi.com



## ခန္ဒကာရိကော်ဖရေဆစ်လှူခြင်းအကျိုး

- နတ်ပြည်၌ ဖြစ်ရသောအခါ အခြား နတ်တို့ထက် သာလွန်သော နတ်သက်ကို ရရှိခြင်း၊
- ခိုးသူနှင့် ရန်သူတို့ မနှိပ်စက်နိုင်ခြင်း၊
- ဓါး၊ လှံ၊ သေနတ်ပြီးစီးခြင်း၊
- ဥပစ္ဆေဒကကံမျိုးဖြင့် မသေနိုင်ခြင်း။

## ဆီကျည်တောက်၊ ဆီဘူးလှူခြင်းအကျိုး

- ရုပ်အဆင်းတင့်တယ်ခြင်း၊
- ကြန်အင်လက္ခဏာကောင်းခြင်း၊
- စိတ်နေစိတ်ထားကြီးမားမြင့်မြတ်ခြင်း၊
- စိတ်မပျံ့လွင့်ခြင်း၊
- အစောင့်အရှောက်တို့ဖြင့် လုံခြုံစွာ စောင့်ရှောက်အပ်ခြင်း။

## အပ်ချည်လှူခြင်းအကျိုး

- စိတ်၏ချမ်းသာခြင်း၊
- ကိုယ်၏ချမ်းသာခြင်း၊
- ဣရိယာပုတ်လေးပါးစုံအကုန် ချမ်းသာခြင်း။

## ဒါးပန်းကြိုးလှူခြင်းအကျိုး

- သမာဓိမပျက်စီးခြင်း၊
- သမာဓိကို စိုးပိုင်ခြင်း၊

www.dhammaransi.com



- ပရိသတ်မပြိုကွဲခြင်း၊
- သူတစ်ပါးကို နားဝင်အောင် ပြောဆိုနိုင်ခြင်း၊
- သတိခိုင်မြဲခြင်း၊
- ထိပ်လန့်တုန်လှုပ်မှု မရှိခြင်း။

## သပိတ်ခြေလှူအကျိုး

- မတုန်လှုပ်ခြင်း၊
- အကြားအမြင်များခြင်း၊
- သတိဉာဏ်တို့ဖြင့် အဖန်ဖန် နှိုးဆော်၍ ပေးနိုင်ခြင်း၊
- အကြားအမြင်ဟူသမျှ မပျက်စီးဘဲ ခိုင်မြဲခြင်း၊
- ဆုံးဖြတ်နိုင်သော ဉာဏ်ပညာဖြင့် ပြည့်စုံခြင်း၊

## သောက်ရေအိုး အသုံးအဆောင်လှူအကျိုး

- ရွှေအိုး၊ မြအိုး၊ ဖန်အိုး၊ ပတ္တမြားအိုးတို့ကို ရရှိခြင်း၊
- ချစ်ဖွယ်ကောင်းသော မယား၊ ကျွန် ယောကျ်ား၊ ကျွန် မိန်းမတို့ကို ရရှိခြင်း၊
- လင်၏အကြိုက် အလိုလိုက်သော မိန်းမကို ရရှိခြင်း၊
- ပစ္စည်းပရိဘောဂ အသုံးအဆောင် အမျိုးမျိုးရရှိခြင်း၊
- ဝိဇ္ဇာတို့နှင့် သက်ဆိုင်သော ဂါထာ၊ မန္တာန်အမျိုးမျိုးတို့ကို တတ်ကျွမ်းခြင်း၊
- ယုတ္တိအာရုံအမျိုးမျိုးတို့ကို ရရှိခြင်း၊
- တစ်ဆယ့်ရှစ်ရပ်သော အတတ်အမျိုးမျိုးကို တတ်ကျွမ်းခြင်း။

www.dhammaransi.com



## ခွက်လှူအကျိုး

- ရွှေခွက်၊ မြခွက်၊ ဖန်ခွက်၊ ပတ္တမြားခွက်၊ ခရုသင်းခွက်တို့ကို ရရှိခြင်း၊
- ကျင့်ဝတ်ပဋိပတ်နှင့် ပြည့်စုံခြင်း။

## ဖိနပ်လှူအကျိုး

- ဆင်ယာဉ်၊ မြင်းယာဉ်၊ ထမ်းစင်၊ သန်လျင်းပေါင်း ခြောက်သိန်း ရရှိခြင်း၊
- ခြေလှမ်းတိုင်း၊ ခြေလှမ်းတိုင်း မြခြေနင်း၊ ကမ္ဗလာခြေနင်း၊ ရွှေခြေနင်း၊ ငွေခြေနင်းတို့က ဖဝါးလှမ်းတိုင်း လှမ်းတိုင်း ခံလာရခြင်း၊
- သံသရာမှ လွတ်မြောက်ရာဖြစ်သော လမ်းသို့ သတိတရားပြေးသွားခြင်း၊
- အကျင့်စင်ကြယ်အောင်သုတ်သင်ခြင်း၌ သတိပြန်လာခြင်း။

## ခြေနင်းလှူအကျိုး

- တန်ခိုးခြေနင်းကို တက်စီးပြီး အလိုရှိသလို နေနိုင်ခြင်း။

## ရေသုတ်ပုဝါလှူအကျိုး

- ရွှေအဆင်းနှင့်တူသော အဆင်းရှိခြင်း၊
- အညစ်အကြေးကင်းစင်ခြင်း၊
- ကိုယ်ရောင်ကိုယ်ဝါထွက်ခြင်း၊
- တန်ခိုးအရှိန်စော် အာနုဘော်ကြီးခြင်း၊
- ကိုယ်ရေ ကိုယ်သား နူးညံ့ပျော့ပျောင်းခြင်း၊
- ကိုယ်၌ ဖုံမြူမလိမ်းမကပ်ခြင်း။

www.dhammaransi.com



## တောင်ဝှေးလှူအကျိုး

- သားကောင်းရတနာများ ထွန်းကားခြင်း၊
- ကြောက်ရွံ့ထိတ်လန့်မှု မရှိခြင်း၊
- သူတကာတို့ မနှိပ်စက်ခြင်း၊
- အလုံးစုံသော အစောင့်အရှောက်တို့ဖြင့် စောင့်ရှောက်အပ်ခြင်း
- ချွတ်ချော်တိမ်းပါးမှုမရှိခြင်း၊
- စိတ်ခိုင်မြဲခြင်း။

## မျက်စဉ်းဆေးလှူအကျိုး

- လှပကျယ်ဝန်းသော မျက်လုံးကောင်းကို ရရှိခြင်း၊
- မျက်စိ၌ ဖြူသင့်ရာဖြူခြင်း၊
- မျက်စိ၌ ဝါသင့်ရာဝါခြင်း၊
- မျက်စိ၌ နီသင့်ရာနီခြင်း၊
- အလွန်ကြည်လင်သော မျက်လုံးကို ရရှိခြင်း၊
- ရောဂါခပ်သိမ်းမှ ကင်းရှင်းခြင်း၊
- နတ်မျက်စိနှင့်တူသော မျက်စိကို ရရှိခြင်း၊
- အတုမရှိသော ပညာမျက်စိကို ရရှိခြင်း။

## အာရောဂယတ်လှူအကျိုး

- ပဥ္စမစျာန်စသော သမာဓိတို့၌ မတုန်လှုပ်ခြင်း၊
- ပဥ္စမစျာန်စသော သမာဓိတို့၌ အလေ့အကျင့်ရှိသူဖြစ်ခြင်း
- ပရိသတ်မပြိုကွဲခြင်း၊

www.dhammaransi.com


- အခါခပ်သိမ်း မိမိစကားကို လေးစား လိုက်နာခြင်း၊
- စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်း။

## ခေါင်းအုံးလှူအကျိုး

- သားမွေးသွတ်သော ခေါင်းအုံး၊ ပဒုမ္မာ ဝတ်ဆံသွတ်သော ခေါင်းအုံး၊ စန္ဒကူး အစာသွတ်သော ခေါင်းအုံးတို့ကို ရရှိခြင်း၊
- မဂ်ဖိုလ်အကြောင်းကို သိခြင်း၊
- ပေးကမ်းရမှန်း၊ ဉာဏ်မျှော်များကို သုံးမရမှန်း၊ ကိုယ် နှုတ်နှင့် ရုပ်စျာန်များ အကြောင်းကို သိခြင်း၊
- ဝတ်အကျင့်၊ သီလစသော ဂုဏ်၊ အလေ့အကျင့်တို့ကို တတ်သိနားလည်ခြင်း၊
- စင်္ကြံသွားနည်း၊ ကမ္မဋ္ဌာန်းအားထုတ်နည်း၊ ဝီရိယအကြောင်း၊ ဗောဓိပက္ခိယတရားအကြောင်း သိနိုင်ခြင်း၊
- (လောကုတ္တရာ)သီလ၊ သမာဓိ၊ ပညာ၊ အရဟတ္တဖိုလ်တို့ကို သိ၍ ချမ်းသာစွာ နေရခြင်း။

## နာနပ်တံလှူအကျိုး

- သဒ္ဓါတရားရှိခြင်း၊
- သီလရှိခြင်း၊
- ဟိရိရှိခြင်း (မကောင်းမှုမှ ရှက်ခြင်း)
- ဩတ္တပ္ပရှိခြင်း (မကောင်းမှုမှ လန့်ခြင်း)
- ဗဟုသုတရှိခြင်း၊
- စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊

www.dhammaransi.com



- သည်းခံခြင်း၊
- ပညာဉာဏ်ရှိခြင်း။

## ခြေဆေးအောင်းပျဉ်လှူအကျိုး

- များစွာသော ယာဉ်တို့ကို ရရှိခြင်း၊
- အစေခံများ၊ ဇနီးများ၊ မှီခိုနေသူများက ကောင်းစွာလုပ်ကျွေးခြင်း။

## ခြေနယ်ဆီလှူအကျိုး

- အနာရောဂါကင်းရှင်းခြင်း၊
- အဆင်းလှခြင်း၊
- လျင်စွာတရားကို စူးစမ်းနိုင်ခြင်း၊
- ထမင်းအဖျော်တို့ကို လွယ်ကူစွာရခြင်း၊
- အသက်ရှည်ခြင်း။

## ထောပတ်ဆီလှူအကျိုး

- ခွန်အားကောင်းခြင်း၊
- အဆင်းလှခြင်း၊
- အခါခပ်သိမ်းရွှင်လန်းသော မျက်နှာမြားရှိခြင်း (အခါခပ်သိမ်း ရွှင်လန်းတင့်တယ်သော ကိုယ်ရှိခြင်း)၊
- အနာရောဂါကင်းခြင်း၊
- ခံတွင်းမှ ကြာညိုနံ့သင်းခြင်း။

www.dhammaransi.com



## ချားရည်လှူအကျိုး

- အရဟတ္တဖိုလ်ကိုရခြင်း။

## နို့ခမ်းလှူအကျိုး

- ကာယဂတာသတိကိုရခြင်း၊
- ကောင်းမြတ်သောအာဟာရကိုရခြင်း။

## တံခွန်လှူအကျိုး

- ဆင်၊ မြင်း၊ ရထား၊ ခြေသည်တို့သည် လည်းကောင်း၊ အင်္ဂါလေးပါး ရှိကုန်သော စစ်သည်တို့သည် လည်းကောင်း ခြံရံခြင်း၊
- ကောင်းစွာ တန်ဆာဆင်ကုန်သော မိန်းမတို့သည် လည်းကောင်း၊ ခြောက် သောင်းသော တူရိယာစည်မောင်းတို့သည် လည်းကောင်း အမြဲခြံရံခြင်း၊
- ဆန်းကြယ်စွာသော ပုတီး၊ လက်ကောက်၊ လက်စွပ်၊ ပတ္တမြား၊ နားတောင်း စသည့် ရတနာများ ရရှိခြင်း၊
- ကမ္ဘာသုံးသောင်းပတ်လုံး နတ်ပြည်၌ မွေ့လျော်ရခြင်း၊
- နတ်တကာတို့ကိုအစိုးရသော သိကြားမင်းအဖြစ်သည် အကြိမ် ရှစ်ဆယ်ပတ်လုံးနှင့် နတ်မင်း၏ အဖြစ်ကိုလည်း ခံစားရခြင်း၊
- စကြာဝတေးမင်း အဖြစ်သည်လည်း အကြိမ်တစ်ထောင်ဖြစ်ရပြီး ပဒေသရာဇ်မင်း၏အဖြစ်သည် ဂဏန်းသင်္ချာအားဖြင့် မရေတွက် နိုင်အောင် ခံစားရခြင်း။

www.dhammaransi.com



## ညောင်စောင်းအခင်းပျဉ်အလှူအကျိုး (ကုတင်၊ကုလားထိုင်အလှူအကျိုး)

- စည်းစိမ်ချမ်းသာ ဖြစ်ထွန်းခြင်း၊
- သတ္တဝါတို့ကို အစိုးရခြင်း၊
- သူတကာတို့အား အစိုးရခြင်း၊
- စကြာဝတေးမင်းအဖြစ် ရှစ်ကြိမ်ဖြစ်ခြင်း
- ကမ္ဘာသုံးထောင့်လေးရာအထက်၌ ဗိုလ်ပါများသော စကြာဝတေးမင်းအဖြစ် လေးကြိမ်ဖြစ်ခြင်း၊
- လေးပါးကုန်သော၊ ရှစ်ပါးကုန်သော၊ ခြောက်ပါးကုန်သော အသိဉာဏ်တို့ကို ၎င်းမျက်မှောက်ပြုအပ်ကုန်ခြင်း။

## ဥဒေါင်းမြီးယပ်၊ သားမြီးယပ်လှူ အကျိုး

- ငြိမ်းပြီးသော ကိလေသာရှိသည်ဖြစ်၍ ကိလေသာဟူသော မြူမရှိသည်ဖြစ်၍ နေရခြင်း။

## သံကောက်လှူအကျိုး

- တရားတည်းဟူသော တံခါးကို ဖွင့်တတ်သော ဉာဏ်တည်းဟူသော သံကောက်ကို ရခြင်း၊
- နည်းသော အမျက်ရှိခြင်း၊
- ပင်ပန်းမှုမရှိခြင်း။

www.dhammaransi.com



## အခိုးသောက်ကျွည်လှူအကျိုး

- ကောင်းစွာ ဖွဲ့အပ်ကုန်သော အကြောတို့ ရှိခြင်း၊
- ဖြောင့်မတ်သော သတိရှိခြင်း၊
- နတ်မျက်စိကို ရခြင်း။

## မီးအုံးလှူအကျိုး

- အင်္ဂါကြီးငယ်နှင့် ပြည့်စုံခြင်း၊
- အမျိုးဇာတ်ကောင်းဘဝ၌ ဖြစ်ခြင်း၊
- ပညာရှိသူဖြစ်ခြင်း။

## ရေဘူး၊ ကရားလှူအကျိုး

- ချမ်းသာကြီးခြင်း၊
- များသော အခြံအရံရှိခြင်း၊
- ဟုတ်မှန်သည်တို့ကိုပြုသော အလေ့ရှိခြင်း၊
- သိမ်မွေ့သောကိုယ် ရှိခြင်း၊
- ခပ်သိမ်းသောဘေးရန် ကင်းခြင်း၊
- ကောင်းသော လက္ခဏာရှိခြင်း၊
- ဆင်မြင်း ရတနာများရရှိခြင်း။

## လက်တန်ဆာလှူအကျိုး

- ခပ်သိမ်းသောလက္ခဏာနှင့် ပြည့်စုံခြင်း၊
- အသက်ရှည်ခြင်း၊
- ပညာကြီးခြင်း၊

www.dhammaransi.com


- တည်ကြည်ခြင်း၊
- ပင်ပန်းမှုမှ ကင်းခြင်း။

## ဘုံလှအကျိုး

- ကောင်းသောကိုယ်ရှိခြင်း၊
- သူတပါးတို့ ကျိုးနွံခြင်း၊
- အပြစ်ကင်းသော ရှုချင်ဖွယ်ကောင်းသော ဝါဂွမ်းကဲ့သို့ နူးညံ့သော ကိုယ် ရှိခြင်း၊
- အထူးထူးသော အိပ်ယာနေရာကို ရရှိခြင်း၊
- သိ၊ ကြားလိမ္မာသူဖြစ်ခြင်း။

## အန်ဘူလှအကျိုး

- စင်ကြယ်သော လည်ချောင်းရှိခြင်း၊
- သာယာစွာသော အသံရှိခြင်း၊
- ချောင်းဆိုးကုပ်ဟီး အနာမရှိခြင်း၊
- ခံတွင်းမှ ကြာညိုပန်းနံ့ အခါခပ်သိမ်း လှိုင်ခြင်း။

## ဆင်လှအကျိုး

- သေလွန်ပြီးနောက် နတ်အဖြစ်ကိုရခြင်း၊
- ကိုးဆယ့်တစ်ကမ္ဘာပတ်လုံး အပါယ်မလားဘဲ သုဂတိဘဝ၌သာ ကြိမ်ဖန်များစွာ ကျင်လည်ရခြင်း၊
- မြတ်သောချမ်းသာကို ခံစားရခြင်း၊
- စကြာဝတေးမင်းအဖြစ် တစ်ဆယ့်ခြောက်ကြိမ်ဖြစ်ခြင်း။

www.dhammaransi.com



## ရေလှူအကျိုး

- အသက်ရှည်ခြင်း၊
- အဆင်းလှခြင်း၊
- ချမ်းသာကြီးခြင်း၊
- ခွန်အားကြီးခြင်း၊
- ဉာဏ်ပညာကြီးခြင်း၊
- စင်ကြယ်သန့်ရှင်းခြင်း၊
- ကျော်စောခြင်း၊
- အခြွေအရံပေါများခြင်း၊
- ရေမငတ်ခြင်း (ရေလိုလောက်စွာ သုံးရခြင်း)၊
- လျင်မြန်စွာသွားနိုင်ခြင်း။

## ပဒေသာပင်လှူအကျိုး

- နှတ်ပြည်၌သာ ကျင်လည်ရခြင်း၊
- ဖြစ်ရာဘဝတိုင်းတွင် ပဒေသာပင် ပေါက်သကဲ့သို့ ပြည့်စုံခြင်း၊
- လူအများကို ပေးကမ်းလှူဒါန်းနိုင်ခြင်း၊
- အပါယ်လေးပါးကို မလားခြင်း၊
- ရတနာခုနစ်ပါးနှင့် ပြည့်စုံသော ဗိုလ်ပါများသော စကြာဝတေးမင်း အဖြစ် ရှစ်ကြိမ်ဖြစ်ခြင်း။

## မြင်းလှူအကျိုး

- နှတ်ပြည် လူ့ပြည်၌သာဖြစ်ခြင်း၊
- ဆင်ယာဉ်၊ မြင်းယာဉ်အလိုရှိသော် လေ၏လျင်ခြင်းနှင့် တူကုန်သော

www.dhammaransi.com



အာဇာနည်မြင်းတို့ကို ရရှိနိုင်ခြင်း၊

- စကြာဝတေးမင်း နှစ်ဆယ့်ရှစ်ကြိမ်တိုင် အောင်ဖြစ်ခြင်း၊
- ဇမ္ဗူဒိပ်ကျွန်းကို အစိုးရသောမင်း၏အဖြစ်သည် အကြိမ်များစွာ ဖြစ်ခြင်း။

## ဆီမီးလှူအကျိုး

- လူ့ပြည် နတ်ပြည်တို့၌ အကြိမ်ကြိမ် ဖြစ်ရခြင်း၊
- ထွန်းလင်း တောက်ပသော ကိုယ်ရောင် ကိုယ်ဝါရှိခြင်း၊
- နံရံတောင်ကျောက်တို့ကို ဖောက်၍ ယူဇနာတစ်ရာမြင်နိုင်သော ဉာဏ်မျက်စိ အလင်းကို ရရှိခြင်း၊
- နောက်ဆုံးဘဝ၌ လွယ်ကူစွာ တရားထူး ရနိုင်ခြင်း။

## ပန်းလှူအကျိုး

- တစ်ပွင့်ပန်းကို လှူဒါန်းရသောအကျိုးကြောင့် ကမ္ဘာတစ်သိန်း တိုင်အောင် နတ်ပြည် လူ့ပြည်၌ မွေ့လျော်ရ၍ နောက်ဆုံးဘဝဝယ် မဂ်ဖိုလ်နိဗ္ဗာန် ရောက်ရခြင်း။

## ကြီဆတ်လှူအကျိုး

- ကမ္ဘာတစ်သိန်းတိုင်အောင် နတ်ပြည်၌၎င်း၊ လူ့ပြည်၌၎င်း မွေ့လျော် ရခြင်း။

## တာရေးရန် ပေစွက်လှူအကျိုး

- ကိုးဆယ့်တစ်ကမ္ဘာပတ်လုံး အပါယ်လေးပါးသို့ မလားခြင်း၊

www.dhammaransi.com



## ပလ္လင်လှူအကျိုး

- မြတ်သောအမျိုး၌ဖြစ်ရခြင်း၊
- များသော စည်းစိမ်ချမ်းသာရှိရခြင်း၊
- ကျော်စောထင်ရှားခြင်း၊
- ခပ်သိမ်းသောသူတို့ ရိုသေလေးမြတ်ခြင်း၊
- ကမ္ဘာတစ်သိန်းပတ်လုံး လေးထောင့်ရှိသော ပလ္လင်တို့ကို ရရှိခြင်း။

## ခြေသုတ်ခုံလှူအကျိုး

- ဖြစ်လေရာဘဝ၌ ရွှေအဆင်းနှင့်တူသော အဆင်းရှိခြင်း၊
- မျိုးအညစ်အကြေးကင်းခြင်း၊
- အဆင်းအရောင်အဝါ လှပတင့်တယ်ခြင်း၊
- တန်ခိုးအာနုဘော်ကြီးခြင်း၊
- သိမ်မွေ့သော ကိုယ်ရှိခြင်း။

## ယပ်လှူအကျိုး

- ကမ္ဘာတစ်သိန်းတိုင်အောင် အပါယ်လေးပါး မလားခြင်း၊
- ဗိုလ်ပါများသော စကြာဝတေးမင်းအဖြစ် တစ်ဆယ့်ခြောက်ကြိမ် ဖြစ်ခြင်း၊

## စကြာလှူအကျိုး

- ရတနာခုနစ်ပါးနှင့် ပြည့်စုံသော ဗိမာန်ကို ခံစားရခြင်း၊
- သုံးကမ္ဘာပတ်လုံး နတ်ပြည်တို့၌ နတ်မင်းအဖြစ် ပြုရခြင်း၊

www.dhammaransi.com



- နတ်သမီးတို့ဖြင့်ခြံရံလျက် စည်းစိမ်ချမ်းသာကို ခံစားရခြင်း၊
- များစွာသော အခြံအရံရှိသော စကြာဝတေးမင်း သုံးကြိမ်ဖြစ်ခြင်း။

## ဗောဓိပင်စိုက်ပျိုးလှူအကျိုး

- ကမ္ဘာသုံးဆယ်တိုင်တိုင် နတ်ပြည်၌ နတ်မင်းဖြစ်ရခြင်း၊
- စကြာဝတေးမင်းအဖြစ် ခြောက်ဆယ့်လေးကြိမ်ဖြစ်ရခြင်း၊
- လူ့ပြည်၌ဖြစ်လျှင်လည်း စည်းစိမ်ချမ်းသာ ခံစားမွေ့လျော်ရခြင်း၊
- ကမ္မဋ္ဌာန်းကို လုံ့လပြုသောကြောင့် ရဟန္တာအဖြစ်ကို ရခြင်း၊

## ညောင်ရေသွန်းလှူအကျိုး

- နတ်ပြည်၌ဖြစ်ခြင်း၊
- အပါယ်လေးပါးသို့ မလားရောက်ခြင်း၊
- စကြာဝတေးမင်းအဖြစ် ရှစ်ကြိမ်ဖြစ်ခြင်း၊
- ဘုရားရှင်လက်ထက်ဝယ် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်တော်မူခြင်း။

## စေတီ ဘုရားပျက် ပြုပြင်လှူအကျိုး

- အနာရောဂါမရှိဘဲ အသက်ရှည်စွာ နေရခြင်း၊
- ကိုးဆယ့်တစ်ကမ္ဘာပတ်လုံး အပါယ်မလားဘဲ နတ်ပြည်၌ ကျင်လည်ရခြင်း၊
- ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြာဝတေးမင်း တစ်ဆယ့်သုံးကြိမ် ဖြစ်ခြင်း။

www.dhammaransi.com


# စေတီတော်ကို သုတ်သင်ရသည့် အကျိုး

- ပစ္စုပ္ပန်၌ပင် အနာရောဂါကင်းရှင်း၍ အသက်ရှည်စွာ နေရခြင်း၊
- သေလွန်သော် နတ်ပြည်၌ ဖြစ်ရ၍ အစောက်ယူဇနာခြောက်ဆယ် အချင်း ယူဇနာသုံးဆယ် အထွင့်ရှိသုံးရာရှိသော ဗိမာန်ပေါက်ရောက် ပြီး နတ်သမီးတစ်ထောင်ခြံရံလျက် စံစားရခြင်း၊
- သိကြားမင်းအဖြစ် အကြိမ်သုံးရာ ဖြစ်ခြင်း၊
- စကြာဝတေးမင်းအဖြစ် နှစ်ဆယ့်ငါးကြိမ်ဖြစ်ခြင်း၊
- ပဒေသရာဇ်မင်း ကေရာဇ်မင်းအဖြစ်ကား မရေတွက်နိုင်အောင် ဖြစ်ရခြင်း၊
- ကမ္ဘာတစ်သိန်းတိုင်အောင် အပါယ်မလားဘဲ နတ်ပြည်၌သာ ကျင်လည်ရခြင်း၊
- သံသရာ ကျင်လည်ရသမျှ ကာလပတ်လုံး စည်းစိမ်ဥစ္စာပြည့်စုံစွာဖြင့် နေရပြီး စည်းစိမ်ဥစ္စာယုတ်လျော့ပျက်စီးမှု မရှိခြင်း၊
- သွားလေရာအရပ်တို့တွင် ဆင်၊ မြင်း၊ ယာဉ်ရထားတို့ဖြင့် ပြည့်စုံ ရခြင်း၊
- သွားလေရာအရပ်တို့၌ လူအများ၏ ပူဇော်မှုကို ခံရခြင်း၊
- သွားလေရာအရပ်၌ ငုတ်၊ ဆူးတို့ကို မမြင်ရခြင်း၊
- နူနာ၊ အိုင်းအနာ၊ နူဖြူအနာ၊ ဝက်ရူးနာ၊ ပွေးနာ၊ ဝဲနာကင်းရခြင်း၊
- လူနတ်ဘဝ၌ အံ့ဖွယ်သော စည်းစိမ်ကို ခံစားရခြင်း၊
- လူနတ်ဘဝ၌ အရောင်အဆင်းသည် ရွှေအဆင်းသို့ ရှိခြင်း၊
- ကိုယ်ရောင်ကိုယ်ဝါတောက်ပမှုရှိခြင်း၊
- မနှစ်သက်သောအရာများ မမြင်မတွေ့ရခြင်း၊
- ကိုယ်ခန္ဓာသန့်ရှင်းစင်ကြယ်၍ စိတ်တည်ကြည်ရခြင်း၊

www.dhammaransi.com

## ဘုရားရုပ်တု၌ ဆီးမီးပူဇော်ရသည့် အကျိုး

- သုံးဆယ့်နှစ်ကမ္ဘာတိုင်အောင် သိကြားမင်း ဖြစ်ရခြင်း၊
- သုံးဆယ့်နှစ်ကြိမ် စကြာဝတေးမင်း ဖြစ်ရခြင်း၊
- ကေရာဇ်မင်း၊ ပဒေသရာဇ်မင်းအဖြစ် အရေမတွက်နိုင်အောင် ဖြစ်ရခြင်း၊
- ရတနာခုနစ်ပါးဖြင့် ပြီးသောဘုံဗိမာန်၌ နတ်ချမ်းသာကို ခံစားရခြင်း၊
- ဥစ္စာဓနပေါကြွယ်ဝသော မင်းမျိုး၊ ပုဏ္ဏားမျိုး၌ ဖြစ်ရခြင်း၊
- အဆင်းမလှမှု မည်သည့်ဘဝမှ မဖြစ်ရခြင်း၊
- ဆွေမျိုးတို့ထက် မြတ်သောလူ ဖြစ်ရခြင်း၊
- တိရစ္ဆာန်မျိုး၌ မဖြစ်ရခြင်း၊
- ငရဲသို့ မလားရခြင်း၊
- မတွေဝေဘဲ သေရခြင်း၊
- နတ်ရွာလူ့ရွာတို့၌သာ လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ကို ခံစားရခြင်း၊

## ဘုရားရုပ်တု၌ ပန်းတောင်းဖြင့် ပူဇော်သည့်အကျိုး

- စည်းစိမ်ချမ်းသာနှင့် ပြည့်စုံရခြင်း၊
- သူတကာတို့ အပူဇော်ခံရခြင်း၊
- စကြာဝတေးမင်းဖြစ်ရခြင်း၊
- ကေရာဇ်၊ ပဒေသရာဇ်မင်းဖြစ်ရခြင်း၊
- ဖြစ်လေရာဘဝ၌ သူဌေးသူကြွယ်မျိုး၌သာ ဖြစ်ရခြင်း၊
- မင်းမျိုးပုဏ္ဏားမျိုးတို့၌ ဖြစ်ရခြင်း၊
- ယုတ်ညံ့သောအမျိုး၌ မဖြစ်ရခြင်း၊
- နောက်ဆုံးဘဝ၌ ဈာန်မဂ်ဖိုလ်ရပြီး နိဗ္ဗာန်သို့ ရောက်ရခြင်း၊

www.dhammaransi.com


## ဘုရားစေတီရုပ်တုတို့၌ ဆွမ်းတင် ရသည့်အကျိုး

- အပါယ်လေးပါးသို့ မလားရခြင်း၊
- မဇ္ဈိမဒေသ၌သာဖြစ်ရခြင်း၊
- အဆင်းလှခြင်း၊
- ဘုန်းကြီးခြင်း၊
- လူအပေါင်းတို့၏ချစ်မြတ်နိုးမှုခံရခြင်း၊
- မြတ်သောလာဘ်လာဘပေါများခြင်း၊
- သုဂတိဘဝ၌ချမ်းသာစွာ ကျင်လည်ခြင်း၊
- ကမ္ဘာတစ်ထောင်အထိ သိကြားမင်း ဖြစ်ရခြင်း၊
- ပတ္တမြားကျောက်မျက်ရွှေပြီးသော ဘုံဗိမာန်ပြာသဒ်နှင့်နေရခြင်း၊
- မြင့်မြတ်သောအမျိုး၌သာဖြစ်ရခြင်း၊
- ယုတ်ညံ့သောအမျိုး၌ လုံးဝမဖြစ်ရခြင်း၊
- နောက်ဆုံးဘဝ၌ ဈာန်မဂ်ဖိုလ်ရပြီး ရဟန္တာဖြစ်ရခြင်း၊

## ဘုရားရုပ်တုထုလုပ်ပူဇော်သောအကျိုး

- အပါယ်လေးပါးသို့ မလားရခြင်း၊
- မဇ္ဈိမတိုက်သားတို့သာဖြစ်ရခြင်း၊
- ယောကျ်ားမြတ်အဖြစ်ရခြင်း၊
- ကိုယ်လက်အင်္ဂါ ချို့တဲ့သောသူ မဖြစ်ရခြင်း၊
- ဒွန်းစဏ္ဍား သူ့ကျွန်ဘဝမျိုး မရောက်ခြင်း၊
- လောကန္တရိက် ငရဲသို့ မကျရောက်ခြင်း၊
- ယုတ်မာသောအမျိုး၌ မဖြစ်ရခြင်း၊
- အဆင်းလှခြင်း၊
- ဘုန်းကြီးခြင်း၊

www.dhammaransi.com


- လူအပေါင်းချစ်မြတ်နိုးမှုခံရခြင်း၊
- မြတ်သော လာဘ်လာဘကို ရခြင်း၊
- ကျီကြွဲဘဏ္ဍာနှင့်ပြည့်စုံရခြင်း၊
- ဆင်၊မြင်း၊ ကျွဲ၊ နွား၊ ရွှေ၊ ငွေဥစ္စာနှင့် ပြည့်စုံခြင်း၊
- အကြီအစည်ဟူသမျှအောင်မြင်ခြင်း၊
- နတ်ဖြစ်သော်နတ်မင်း၊ လူဖြစ်သော် လူမင်းဖြစ်ရခြင်း၊
- သိကြားမင်းအဖြစ် အကြိမ်တစ်ထောင်ဖြစ်ရခြင်း၊
- စကြဝတေးမင်းအဖြစ် အကြိမ်တစ်ထောင်ဖြစ်ရခြင်း၊
- ကေရာဇ်၊ ပဒေသရာဇ်မင်းအဖြစ်ကား မရေမတွက်နိုင်အောင် ဖြစ်ရခြင်း၊
- ဘုရားဆု၊ ပစ္စေကဗုဒ္ဓါဆုတောင်းက ပြည့်စုံရခြင်း၊
- သာဝကဆုတောင်းကလည်း ပြည့်စုံ ရခြင်း၊
- မြင့်မြတ်သောမင်းမျိုးပုဏ္ဏားမျိုး၌သာ ဖြစ်ရခြင်း၊
- ဥစ္စာစည်းစိမ်ပေါများခြင်း၊
- အခြံအရံပေါများခြင်း၊
- ပညာကြီးခြင်း၊
- တန်ခိုးကြီးခြင်း၊
- အနာကင်းခြင်း၊
- အသက်ရှည်ခြင်း၊
- ခွန်အားကြီးခြင်း၊
- မြဲမြံသောပညာရှိခြင်း၊
- ရဲရင့်ခြင်း၊
- အကြားအမြင်များခြင်း၊

www.dhammaransi.com



- ထက်သောပညာရှိခြင်း၊
- ချစ်ဖွယ်သောအသွင်ရှိခြင်း၊
- မနိုင်းယှဉ်အပ်သောစည်းစိမ်ကို ခံစားရခြင်း၊
- နောက်ဆုံးဘဝ၌ ဈာန်မဂ်ဖိုလ်ရပြီး နိဗ္ဗာန်သို့ ရောက်ရခြင်း၊

## စာပေပိဋကတ်ရေးသားသောအကျိုး

- ဥစ္စာကြွယ်ဝသောအမျိုး၌ဖြစ်ရခြင်း၊
- ဆင်းရဲသောအမျိုး၊ ယုတ်ညံ့သော အမျိုး၌ မဖြစ်ရခြင်း၊
- ယုတ်ညံ့သောအမျိုးတို့နှင့်လည်း တစ်ရံတစ်ခါမျှ မပေါင်းဖော်ကြရခြင်း၊
- သူတော်ကောင်းနှင့်သာ ပေါင်းဖော် ရခြင်း၊
- ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံရခြင်း၊
- ယုတ်သောကိုယ်အဖြစ် မဖြစ်ရခြင်း၊
- ကြမ်းတမ်းသောစကား မဆိုရခြင်း၊
- ခပ်သိမ်းသောကာမဂုဏ်ချမ်းသာနှင့် ပြည့်စုံရခြင်း၊
- အပါယ်လေးပါးသို့ မရောက်ရခြင်း၊
- မင်းမျိုးပုဏ္ဏားမျိုး၌သာ အဖြစ်များခြင်း၊
- စကြဝတေးမင်းအဖြစ် အကြိမ်များစွာ ဖြစ်ရခြင်း၊
- ကေရာဇ် ပဒေသရာဇ်မင်းအဖြစ် မရေမတွက်နိုင်အောင် ဖြစ်ရခြင်း၊
- နတ်ပြည်ခြောက်ထပ်ကို အစိုးရသော နတ်မင်းအဖြစ် အကြိမ်များစွာ ဖြစ်ရခြင်း၊
- အက္ခရာတစ်လုံး ရေးသားသောအကျိုးသည် ဘုရားဆင်းတု တစ်ဆူကို ကိုးကွယ်သည်နှင့်တူ၍ အတိုင်းမသိ အကျိုးပေးခြင်း၊

www.dhammaransi.com



- ကမ္ဘာရှစ်သောင်းလေးထောင်အထိ စကြဝတေးမင်းဖြစ်ရခြင်း၊
- ကိုးသချေင်္ာတိုင် ပဒေသရာဇ်မင်းဖြစ်ရခြင်း၊
- ကိုးသချေင်္ာတိုင် ပုဏ္ဏားပညာရှိဖြစ်ရခြင်း၊
- ကိုးသချေင်္ာတိုင် သူဌေးကြီးဖြစ်ရခြင်း၊
- အာကာသစိုးနတ်အဖြစ် ကိုးသချေင်္ာ ဖြစ်ရခြင်း၊
- နတ်ပြည်ခြောက်ထပ် အဆင့်ဆင့်၌လည်း ကိုးသချေင်္ာအသီးသီး ဖြစ်ရခြင်း၊
- နောက်ဆုံးဘုရားဆု၊ ပစ္စေကဗုဒ္ဓါဆု၊ သာဝကဆုတို့ကို ပန်ဆင်နိုင်ခြင်း၊

## တံမြက်လှည်းခြင်းအကျိုး

- မိမိစိတ်ကို ကြည်လင်စေခြင်း၊
- သူတစ်ပါးစိတ်ကို ကြည်လင်စေခြင်း၊
- နတ်တို့နှစ်သက်ဝမ်းမြောက်ခြင်း၊
- အပါယ်လေးပါးသို့ မလားရခြင်း၊
- ကောင်းမှုကုသိုလ်ဆည်းပူးမှု အစဉ်အဆက်ရရှိခြင်း၊

www.dhammaransi.com



## ရေးသားပြုစုထားသည့် စာရင်း

၁။ ဒါနဖလပုပ္ပတ္တိကျမ်း
(ညောင်ကန်ဆရာတော်ဦးဗုဓ်)

၂။ ဒါနဝတ္ထု (တေဒဂ်အရှင်ပညာဇောတ)

၃။ ဗုဒ္ဓဘာသာတရားတော်
(အခြေခံအဆင့်)

၄။ ဗုဒ္ဓဘာသာတရားတော်
(အထက်တန်းအဆင့်)

၅။ ဒါနအကြောင်းသိကောင်းစရာ
(ဦးဝရသာမိဘိဝံသ၊ ဓမ္မာစရိယ)

၆။ ဗုဒ္ဓဘာသာလက်စွဲကျမ်း
(ပထမတွဲ)

၇။ လှူဘွယ်အမျိုးမျိုးအကျိုးအနန္တ
(တက္ကသိုလ်သျှင်သီရိ)

www.dhammaransi.com